# အထူးကုမ္ပဏီအက်ဥပဒေ။
## [၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၅၄။]
## (၁၉၅၀ ပြည့်နှစ်၊ နိုဝင်္ဘာလ ၁၀ ရက်။)

မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေရှိ အချို့သော ပြဋ္ဌာန်းချက်များနှင့် အကြောင်းအားလျော်စွာ လိုအပ်လျှင်၊ မသက်ဆိုင်သော ကုမ္ပဏီမျိုးဖွဲ့စည်းရန်ရည်ရွယ်သည်တကြောင်း၊

ထိုကုမ္ပဏီကိုဖွဲ့စည်းရန် ကိစ္စနှင့် အခြားကိစ္စများအတွက် ပြဋ္ဌာန်းရန် လိုအပ်သည်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့် အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ **၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေ**ဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ အမိန့်ကြော်ငြာစာဖြင့် နိုင်ငံတော်သမတ သတ်မှတ်သည့်နေ့တွင် အာဏာတည် ရမည်။

၂။ ။ ဤအက်ဥပဒေတွင်-

(က) "**သင်းဖွဲ့စည်းမျဉ်းများ**"ဆိုသည်မှာ၊ နိုင်ငံတော်သမတက မူလသဘောတူညီထားသည့် ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းများနှင့် နောက်ထပ်ပြင်ဆင်ချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များကိုဆိုလို သည်။

(ခ) "**ကုမ္ပဏီ**"ဆိုသည်မှာ၊ ဤအက်ဥပဒေအရ၊ ဖွဲ့စည်းမည့်ကုမ္ပဏီကိုဆိုလိုသည်။

(ဂ) "**သင်းဖွဲ့ မှတ်တမ်း**"ဆိုသည်မှာ၊ နိုင်ငံတော်သမတက မူလသဘောတူညီထားသည့် ကုမ္ပဏီ၏ သင်းဖွဲ့ မှတ်တမ်းနှင့် နောက်ထပ် ပြင်ဆင်ချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များကိုဆိုလိုသည်။

၃။ ။မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေရှိပြဋ္ဌာန်းချက်များအနက် ဤအက်ဥပဒေကဖြစ်စေ၊ သင်းဖွဲ့စည်းမျဉ်း ကဖြစ်စေ၊ သင်းဖွဲ့ မှတ်တမ်းကဖြစ်စေ အတည့်အလင်းသော်၎င်း၊ သဘောအဓိပ္ပါယ်အရသော်၎င်း ပါယ်ဖျက်ခြင်း မပြုသော၊ သို့တည်းမဟုတ် မသက်ဆိုင်ရဟုတားမြစ်ခြင်းမပြုသော ပြဋ္ဌာန်းချက်များသာ လျှင်၊ ကုမ္ပဏီနှင့်သက်ဆိုင်ရမည်။

၄။ ။ နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာဖြင့်--

(က) ကုမ္ပဏီ၏ အမည်ကို၎င်း၊ အခါအားလျော်စွာ အမည်ပြောင်းလဲခြင်းကို၎င်း ပြဋ္ဌာန်းနိုင်သည်။

(ခ) မည်သူတို့သည်၊ ကုမ္ပဏီ၏ ပဌမအဖွဲ့ဝင်များဖြစ်ရမည်ဟု သတ်မှတ်နိုင်သည်။

(ဂ) မည်သူတို့သည်၊ ဆိုခဲ့သည့် ပဌမအဖွဲ့ဝင်များအဖြစ်၊ သို့တည်းမဟုတ် ထိုသူတို့ကိုယ်စား ဆောင်ရွက် လျက် ကုမ္ပဏီ၏သင်းဖွဲ့ မှတ်တမ်းကို လက်မှတ်ရေးထိုးခြင်းဖြင့် သင်းဖွဲ့ မှတ်တမ်းတွင်ဖေါ်ပြထားသည့် အတိုင်း တာဝန်ကန့်သတ်၍ ကုမ္ပဏီဖွဲ့စည်းသည်ဟုသတ်မှတ်နိုင်သည်။

(ဃ) သင်းဖွဲ့ မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းများကိုသဘောတူညီနိုင်သည်။ ထို့ပြင်ထိုသင်းဖွဲ့ မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၏ ပြောင်းလဲချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက်တခုခုကို သဘောတူညီချက်ရရှိ ရန် ကုမ္ပဏီက လျှောက်ထားသည့်အခါ အခါအားလျော်စွာ သဘောတူညီနိုင်သည်။

၅။ ။ ကုမ္ပဏီသည်၊ သင်းဖွဲ့မှတ်တမ်း၏၊ သို့တည်းမဟုတ် သင်းဖွဲ့စည်းမျဉ်းများ၏ ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက် တခုခုကို နိုင်ငံတော်သမတ၏ သဘောတူညီချက်ရရှိရန် သင်းဖွဲ့စည်း မျဉ်းများတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း နိုင်ငံတော်သမတထံ လျှောက်ထားရမည်။

၆။ ။ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကိုသော်၎င်း၊ ထိုသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း များ၏နောက်ထပ်ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက်တခုခုကိုသော်၎င်း၊ နိုင်ငံတော် သမတက သဘောတူညီကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာသည့်အခါ၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများရှိ ပြဋ္ဌာန်းချက်အသီးသီးသည်၊ သို့တည်းမဟုတ် ထိုသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၏ နောက်ထပ်ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက်တခုခုရှိ ပြဋ္ဌာန်းချက် အသီးသီးသည်၊ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေတွင်သော်၎င်း၊ တည်ဆဲအခြား ဥပဒေတရပ်ရပ်တွင် သော်၎င်း၊ မည်သို့ပင်ဆိုထားစေကာမူ၊ ကိစ္စဟူသမျှအတွက် တရားဝင်ရမည်။

၇။ ။ (၁) မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေအရ၊ ကုမ္ပဏီများမှတ်ပုံတင်သော တာဝန်ဝတ်တရားကို ဆောင်ရွက်သည့် မှတ်ပုံတင် အရာရှိထံတွင် ကုမ္ပဏီကို "အထူးကုမ္ပဏီ"အဖြစ်ဖြင့် မှတ်ပုံတင်ရမည်။

(၂) မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေရှိ၊ သို့တည်းမဟုတ် သင်းဖွဲ့မှတ်တမ်းရှိ၊ သို့တည်းမဟုတ် သင်းဖွဲ့စည်းမျဉ်းများရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင်၊ ကုမ္ပဏီကိုမှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်ရမည်။

၈။ ။ (၁) ဘားမားကော်ပိုရေးရှန် လီမိတက်၏ သင်းဖွဲ့စည်းမျဉ်းများ၏ စည်းမျဉ်း ၁၆၅ သည်၊ ဤအက်ဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပျက်ပြယ်သည့်ပြင်၊ တရားဥပဒေအဖြစ် အကျိုး သက်ရောက်ခြင်းမရှိဟု မှတ်ယူရမည်။

(၂) ဆိုခဲ့သည့်နေ့မှစ၍၊ ဆိုခဲ့သည့်သင်းဖွဲ့စည်းမျဉ်းများ၏ စည်းမျဉ်း ၇၄ ကို အောက်ပါအတိုင်း ပြင်ဆင် သည်ဟု မှတ်ယူရမည်။

"အစုများထုတ်ပေးခြင်း၊ သို့တည်းမဟုတ် ဆိုင်ရာအချိန်၌ လက်ရှိထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ် ထားသည့် မဲဆန္ဒပေးခြင်းဆိုင်ရာ အထူးစည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ အဖွဲ့ဝင်တိုင်းမှာ လက်ပြ၍ မဲဆန္ဒပေးရသည့်အခါ၊ မဲဆန္ဒတခုကျ ပေးနိုင်ခွင့်ရှိရမည်။ မဲပြားဖြင့် မဲဆန္ဒပေးရသည့်အခါ အဖွဲ့ဝင်တိုင်းမှာ မိမိပိုင် အစုတခုလျှင် မဲပြားတခုကျ ပေးနိုင်ခွင့်ရှိရမည်။"

၉။ ။နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါကိစ္စအားလုံးကိုဖြစ်စေ၊ ကိစ္စတခုခုကိုဖြစ်စေ၊ ဆောင်ရွက် ရန်အလို့ငှါ နည်းဥပဒေများ ပြုလုပ်နိုင်သည်။ ထိုနည်းဥပဒေများသည်၊ ဤအက်ဥပဒေတွင် ပြဋ္ဌာန်း ထားဘိသကဲ့သို့ အကျိုးသက်ရောက်ရမည်။

၁၀။ ။ ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များအတိုင်း အထမြောက်အောင် ဆောင်ရွက်ရေးအတွက် လိုအပ်သည့်ငွေများကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်ငွေများမှ ထုတ်ပေးနိုင်သည်။

Note: ၁၉၅၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်။ ။ မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၀ ပြည့်နှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၇၅၉ တွင်ကြည့်။